ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျွန်းစုမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

Village Development Plan(VDP)


မစမ်းပါး ကျေးရွာ၊ မအိုင် ကျေးရွာအုပ်စု

CamScanner


မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	ကျွန်းစုမြို့နယ်မြေပုံ	၁
၂	ကျေးရွာအုပ်စုမြေပုံ	၂
၃	ကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း	၂
၄	လူထုပူးပေါင်းပါဝင်သော ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်	၃
၅	ကျေးရွာသမိုင်းကြောင်း	၃
၆	ကျေးရွာသမိုင်းကြောင်းအပေါ်သုံးသပ်ချက်	၄
၇	လူမှုနှင့် အရင်းအမြစ်ပြမြေပုံ	၅
၈	လူမှုနှင့် အရင်းအမြစ်ပြမြေပုံအပေါ်သုံးသပ်ချက်	၆
၉	ရာသီခွင်ပြပြက္ခဒိန်	၇
၁၀	ရာသီခွင်ပြပြက္ခဒိန်အပေါ်သုံးသပ်ချက်	၇
၁၁	အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ	၉
၁၂	အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံအပေါ်သုံးသပ်ချက်	၉
၁၃	ပြဿနာသစ်ပင်များ	၁၀
၁၄	ပြဿနာသစ်ပင်များအပေါ်သုံးသပ်ချက်	၁၂
၁၅	ပင့်ကူအိမ်မြေပုံ	၁၃
၁၆	ပင့်ကူအိမ်မြေပုံအပေါ်သုံးသပ်ချက်	၁၃
၁၇	ထိခိုက်လွယ်အုပ်စုသုံးသပ်ခြင်းဇယား	၁၅
၁၈	ထိခိုက်လွယ်အုပ်စုသုံးသပ်ခြင်းဇယား အပေါ်သုံးသပ်ချက်	၁၅
၁၉	အသက်မွေးဝမ်းကြောင်းပြဇယား	၁၆
၂၉	အသက်မွေးဝမ်းကြောင်းပြဇယားအပေါ်သုံးသပ်ချက်	၁၇
၂၀	ကော်မတီဝင်များစာရင်း	၁၈
၂၁	ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ - ၈ - ၁)	၁၉
၂၂	စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ ၈-၂)	၁၉
၂၃	ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ် (ပုံစံ ၈-၃)	၂၂
၂၄	ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ ၈-၄)	၂၄
၂၅	အစည်းအဝေးတက်ရောက်သူများစာရင်း	၂၇
၂၆	အစည်းအဝေးမှတ်တမ်းများ	၃၉
၂၇	ကလ္လာအလိုက် ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများ	၄၃
၂၈	VDP အရည်အသွေးထိန်းချုပ်မှု	၄၄

ကျွန်းစုပြို့နယ်အခြေပြမြေပုံ



ကျေးရွာအုပ်စုပြပုံ



ကျေးရွာအုပ်စုအတွင်းပါဝင်သော ကျေးရွာများ

၁ - ပထော်ကျေးရွာ

၂ - ပထက်ကျေးရွာ

၃ - မစမ်းပါးကျေးရွာ


၄ - မဒိုင်ကျေးရွာ

၅ - လင်မလိုငယ်ကျေးရွာ

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

စဉ်	အသုံးပြုခဲ့သော PRA Tool များ
၁	ကျေးရွာသမိုင်းကြောင်း
၂	လူမှုနှင့်အရင်းအမြစ်ပြမြေပုံ
၃	ရာသီခွင်ပြ ပြက္ခဒိန်
၄	အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ
၅	ပြဿနာသစ်ပင် (၁)
၆	ပြဿနာသစ်ပင် (၂)
၇	ပင့်ကူအိမ်မြေပုံ
၈	ကြွယ်ဝမှုပြဇယား
၉	အသက်မွေးဝမ်းကြောင်းပြမြေပုံ
၁၀	အမျိုးသား/အမျိုးသမီး အလုပ်ချိန်ပြဇယား

ကျေးရွာသမိုင်းကြောင်း



CamScanner

ကျေးရွာသမိုင်းကြောင်းအပေါ်သုံးသပ်ချက်

နေ့ရွှေ - ၂၈.၁၂.၂၀၁၅

စတင်ချိန် - နံနက် (၁၀း၀၀) နာရီ၊

ပြီးဆုံးချိန် - နံနက် (၁၁း၂၀) နာရီ။

တနသာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ မစမ်းပါးကျေးရွာ၏ ကျေးရွာသမိုင်းကြောင်းကို ဦးသန်းဆွေ နေအိမ်တွင် စတင်ဆွေးနွေးခဲ့ပါသည်။ မစမ်းပါးကျေးရွာသည် နှစ်ပေါင်းတစ်ရာကျော် ကာလတွင် ကျေးရွာ စတင်တည်ထောင်ခြင်း၊ ဘုန်းကြီးကျောင်း ဘ/ကပညာရေးကို ကျေးရွာလူဦးရေ (၇၅၀)ကျော်ဖြင့် တည်ထောင်ခဲ့ပါသည်။ ၁၃၃၄ ခုနှစ်တွင် ရွာသူ/သားများမှ ကျေးရွာ ရေတွင်းများ၊ သစ်ဘုန်းကြီးကျောင်းများကို ဆောက်လုပ်ခဲ့ကြပါသည်။ ၁၃၃၉ ခုနှစ်တွင် ပညာရေးတိုးတက်လာစေရန် ကျေးရွာသူ/သားများမှ စာသင်ကျောင်းကို စတင်ဆောက်လုပ်ခဲ့ပါသည်။။ ၁၃၄၄ ခုနှစ်တွင် ကျောင်းသား/သူ (၇၅) ဦးခန့် ရှိလာသဖြင့် ရွာသူ/သားများမှ ကိုယ်ထူ/ကိုယ်ထစနစ်ဖြင့် ပညာရေးတိုးတက်ကောင်းမွန်လာအောင် သစ်စာသင်ကျောင်းကို ဆောက်လုပ်ခဲ့ကြသည်။ ၁၃၆၄ ခုနှစ်တွင် ရွာသူ/သားများမှ သွားဘရေးလွယ်ကူစေရန် သစ်သားတံတားကို ဆောက်လုပ်ခဲ့ကြသည်။ ၁၃၇၁ ခုနှစ်တွင် ကျေးရွာလူထုမှ ဘာသာရေးပိုမိုထွန်းကားလာစေရန်အတွက် ဘုန်းတော်ကြီးကျောင်း တိုက်ကျောင်းတစ်ဆောင် ဆောက်လုပ်ခဲ့သည်။ ၁၃၇၄ ခုနှစ်တွင် အခြေပညာမူလတန်းကျောင်းကို ပညာရေးဝန်ကြီးဌာနမှ တိုက်စာသင်ကျောင်း ဆောက်လုပ်ပေးခဲ့ရာ မစမ်းပါးကျေးရွာတွင် ကျောင်းသူ/သား(၁၃၀)ဦး ခန့်ပညာသင်ကြားရေး ပိုမိုအဆင်ပြေခဲ့သည်။ ၂၀၁၂ခုနှစ် တွင် ဝန်ကြီး ဦးစိုးသိန်းနှင့် ဝန်ကြီးဦးတင်စိုးတို့မှ မစမ်းပါးရွာတွင် တာဝန်ကျနေသော ဆရာ/မများ အဆင်ပြေ စေရန် ဆရာမ အဆောင်ကို ရွာသူ/သားများနှင့် ပူးပေါင်း၍ ဆောက်လုပ်ပေးခဲ့သည်။ နောက်ထပ် ၂၀၁၂ ခုနှစ်တွင် သွားရအဆင်ပြေစေရန် ဝန်ကြီးဦးစိုးသိန်းမှ ၂၂၁၀ပေx၇ပေ ကွန်ကရစ် ဘုန်းကြီးကျောင်းလမ်းကို ရွာသူ/သားများနှင့် ပူးပေါင်း၍ လုပ်ဆောင်ခဲ့ရာ လူဦးရေ (၁၀၀၀) ကျော်ခန့်သွားလာရ အဆင်ပြေခဲ့ကြသည်။ ၂၀၁၃-၁၄ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်း ရံပုံငွေသိန်း (၆၀)ဖြင့် ရွာတွင်းကွန်ကရစ်လမ်းကို ရွာသူ/သားများ ဝိုင်းဝန်း လုပ်ဆောင်ခဲ့ကြသည်။ ၂၀၁၄ခုနှစ်တွင် ရွာသူ/သားများ ဝိုင်းဝန်း လုပ်ဆောင်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ်တွင် ရွာသူ/သားများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် ဆင်း/လျော့မှ အဝီစီ ရေတွင်းများ လုပ်ပေးခဲ့သည်။ နောက်ထပ် ၂၀၁၄ခုနှစ်တွင်လည်း (န.တ.လ)မှ ရွာသူ/သားများ သွားလာရေး အဆင်ပြေလာစေရန် သံကူရစ်ကွန်ကရစ် တံတားကို ဆောက်လုပ်ခဲ့ကြသည်။ ၂၀၁၅ခုနှစ်နှင့် ၂၀၁၆ခုနှစ်တွင်လည်း လူထုဗဟိုပြုစီမံကိန်း ရံပုံငွေသိန်း ၂၀၀ ကျော်ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသွယ်ယူခြင်းဟူသော စီမံကိန်း ၂ ခုကို ရွာသူ/သားများ လုပ်ဆောင်နေခဲ့သည်။

CamScanner


အနှစ်ချုပ်

မစမ်းပါးကျေးရွာ၏ ကျေးရွာသူ/သားများသည်ကျေးရွာ ဖွံ့ဖြိုးရေးကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် လည်းကောင်း၊ အစိုးရဌာနမှ ထောက်ပံ့ပေးမှုများကိုလည်း ရွာသူ/သားများ စည်းလုံးညီညွတ်စွာ လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အဖွဲ့အစည်းများ၏ ထောက်ပံ့မှုကြောင့်လည်း ကျေးရွာဖွံ့ဖြိုးမှု ပိုမိုတိုးတက်လာခဲ့သည်။

ဦးဆောင်ဆွေးနွေးသူ - ဦးသန်းရွှေ

ပါဝင်ဆွေးနွေးသူ - ကျား ၃ ဦး၊ မ ၂ ဦး

လူမှုနှင့်အရင်းအမြစ်ပြမြေပုံ



CamScanner

လူမှုရေးပြဇာတ်ပုံအဖော်သုံးသပ်ချက်

နေ့စွဲ - ၂၈.၁၂.၂၀၁၅

စတင်ချိန် - ၁၁:၀၀ နာရီ

ပြီးဆုံးချိန် - ၁၂:၀၀ နာရီ

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်အုပ်စု၊ မစမ်းပါးကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်း တစ်ရာကျော်ခန့်တွင် တည်ထောင်ခဲ့ပါသည်။ ယခုလက်ရှိ အချိန်တွင် အိမ်ခြေ(၂၅၃) နှင့် အိမ်ထောင်စု (၅၂၄) ခန့်ရှိလာပြီး တစ်ရွာလုံး၏ လူဦးရေမှာ (၂၀၂၈)ဦး မှီတင်းနေထိုင်လျက်ရှိသည်။ မစမ်းပါးကျေးရွာ၏ တောင်ဘက်တွင် မအိုင်ရွာ၊ လင်မလိုင်ယံကျေးရွာတို့ရှိသည်။ ရေဝန်းရံထားသော ကျေးရွာဖြစ်သည့်အတွက် လမ်းပေါ်ရောက်ခြင်းများ ခံရသည်။ မစမ်းပါးကျေးရွာသူ၊ သားများသည် ရေလုပ်ငန်းနှင့် ကျပန်းအလုပ်ကို လုပ်ကိုင်ကြသည်။ အနည်းစုမှာ ဥယျာဉ်ခြံမြေနှင့် အရောင်းအဝယ်အလုပ်အကို လုပ်ကိုင်ကြသည်။ ဗမာလူမျိုးများသာ နေထိုင်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ မစမ်းပါးကျေးရွာသည် ရေပေါ်ရွာဖြစ်ပြီး ကုန်းမြေအနည်းငယ်သာ ရှိသည်။ ရွာလမ်းများပေါ်တွင် ကျောက်တုံးကျောက်ဆောင်များသောကြောင့် သွားလာရခက်ခဲ ပင်ပန်းကြသည်။ မစမ်းပါးကျေးရွာရှိ အိမ်အများစုမှာ သစ်သားပျဉ်ထောင်အိမ်များ ဖြစ်ကြပြီး အနည်းငယ်မှာ ခနိထရံကာ အိမ်များဖြစ်ကြသည်။ မစမ်းပါးကျေးရွာတွင် ဘုန်းကြီးကျောင်း ၁ ကျောင်းရှိပြီး စာသင်ကျောင်းနှင့် အနည်းငယ် အကွာတွင် ရှိသည်။ ရပ်ရေး၊ရွာရေး အစည်းအဝေးများ ကျင်းပရန်အတွက် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံကိုသာ အားထားနေရပါသည်။

သောက်သုံးရေ

ရေဝန်းရံထားသော ရွာဖြစ်သောကြောင့် ရေတွင်းများရှိသော်လည်း ရေငံဝင်ခြင်း၊ နွေရာသီတွင်လည်း ရေတွင်းများမှာ ရေလုံးဝခမ်းခြောက်သောရေရှားပါးမှု ကိုခံနေရပါသည်။ ထိုကြောင့် ကျေးရွာသောက်သုံးရေကို အခု ၂၀၁၆ ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်တွင် ရံပုံငွေသိန်း၇၀ကျော် ဖြင့် စီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ ရေများကို ပိုက်လိုင်းဆွဲ၍အိမ်အရောက် ရေများ အလုံအလောက်ရရှိနိုင်ရန် လုပ်ဆောင်နေခြင်း ဖြစ်သည်။

ပညာရေး

မစမ်းပါးကျေးရွာ၏ စာသင်ကျောင်းမှာ အခြေခံပညာမူလတန်းကျောင်း တည်ရှိသည်။ ကျောင်းသူ/သားများသည် အထက်တန်းကျောင်းများကို ပထက်ကျေးရွာ(သို့) မြိတ်မြို့တွင်လည်း လာရောက်တက်ခဲ့ကြသည်။

ကျန်းမာရေး

မစမ်းပါးကျေးရွာတွင် ဆေးပေးခန်းမရှိခြင်းကြောင့် အုပ်စုရွာဖြစ်သော မအိုင်ကျေးရွာ (သို့) မြိတ်မြို့တွင် သွားရောက်ကုသကြသည်။


CamScanner

အနှစ်ချုပ်

မစမ်းပါးကျေးရွာတွင် တစ်ရွာလုံးရေကောင်းရေသန့်ရရှိအောင် လူထုဗဟိုပြုစီမံကိန်းမှ လုပ်ဆောင်ပေးနေပါသည်။ ရွာလမ်းများမှာ သိပ်မကောင်းသောကြောင့် လူထုဗဟိုပြုစီမံကိန်း ရံပုံငွေဖြင့် ရွာတွင်းလမ်းကွန်ကရစ် လမ်းများ လုပ်ဆောင်ခဲ့သည်။ ပညာရေးမှာလည်း အသင့်အတင့် ကောင်းမွန်ခဲ့သည်။ ကျန်းမာရေးတွင်လည်း ဆေးပေးခန်း မရှိခြင်းကြောင့် အသက်အွန်ရာယ် အတွက်စိုးရိမ်ရပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးသန်းဆွေ
ပါဝင်ဆွေးနွေးသူ - ကျား ၄ ဦး၊ မ ၆ ဦး

ရာသီခွင်ပြ ပြကွဒိန်



ရာသီခွင်ပြ ပြကွဒိန်အပေါ်သုံးသပ်ချက်

နေ့စွဲ - ၂၇.၁၂.၁၆
စတင်ချိန် - နံနက်(၁၀း၀၀) နာရီ
ပြီးဆုံးချိန် - နံနက်(၁၀း၄၄)နာရီ

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ မစမ်းပါးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ၂၇.၁၂.၁၅ ရက်နေ့ ၊ ၁၀း၀၀ အချိန်တွင် ရာသီခွင်ပြ ပြကွဒိန်ကို ရေးဆွဲနိုင်ရန် ကျင်းပခဲ့သည်။ ဆွေးနွေးချက်များအရ

တန်ရူး၊ ကဆုန်နှင့် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပိုးတွဲ၊ တပေါင်းလများတွင် ဇနသာပြီး ကျန်လများဖြစ်သော နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် လများသည် မိုးများသောရာသီဥတုများ ဖြစ်သည်။ မစမ်းပါးရွာ၏ ကျန်းမာရေးအခြေအနေကို ကြည့်လျှင် တန်ရူးလတွင် တစ်ရွာလုံးနီးပါး နာမကျန်း၍ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် ရေကြီး၊ ဒီရေတက်၊ ငှက်ဖျားရောဂါများ ဖြစ်ကြသည်။ မစမ်းပါးရွာ၏ ဝင်ငွေ၊ ထွက်ငွေများကို ကြည့်ခြင်းအားဖြင့် တန်ရူး၊ ကဆုန်၊ ဝါဆို၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် ဝင်ငွေနည်းပြီး ကျန်လများဖြစ်သော နယုန်၊ ဝါခေါင်၊ တပိုးတွဲ၊ တပေါင်းလများတွင် ဝင်ငွေများသော လများဖြစ်သည်။ တန်ရူး၊ နယုန်၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပိုးတွဲလများတွင် ထွက်ငွေများပြီး ကျန်လများတွင် ထွက်ငွေနည်းပါးပါသည်။ မစမ်းပါးရွာ၏ ပွဲလမ်းသဘင်ကို ကြည့်ခြင်းအားဖြင့် မြန်မာလူမျိုးများဖြစ်သောကြောင့် တန်ရူးလတွင် သင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့ထုံးစံအတိုင်း ဆင်နွှဲကြပြီး ကဆုန်လတွင် ညောင်ရေသွန်းပွဲတော် ရှိပြီး နယုန်လတွင် ပွဲလမ်းသဘင်မရှိပါ။ ဝါဆိုလတွင် သင်္ကန်းများကပ်ပြီး ဝါခေါင်၊ တော်သလင်းလများတွင် ဥပုဒ်စောင့်ကြပါသည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲများပြုလုပ်ကြပါသည်။ နတ်တော်လများတွင် နတ်ပွဲများကျင်းပကြ၍ ပြာသိုလတွင် ပဉ္စာန်းပွဲ အသီးသီးပြုလုပ်ကြပါသည်။ မစမ်းပါးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းမှာ ရေလုပ်ငန်း၊ ဥယျာဉ်နှင့် အရောင်းအဝယ် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ရေလုပ်ငန်းနှင့် အရောင်းအဝယ်ကို တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပြီး ဥယျာဉ်ကိုလအလိုက်စီ အနည်းငယ်လုပ်ကိုင်ကြပါသည်။ အလုပ်အကိုင်ရှားပါးသော လများတွင် စားဝတ်နေရေးအတွက် ကျပန်းအလုပ်ကို လုပ်ကိုင်ကြပါသည်။ မစမ်းပါးကျေးရွာ၏ အားလပ်ရက်များမှာ လဆန်း၊လဆုတ် (၉ရက်၊ ၁၀ရက်၊ ၁၁ရက်) များသာအားကြပါသည်။ လအလိုက် သောက်သုံးရေရရှိမှုမှာလည်း ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလလ၊ နတ်တော်လများတွင် ရေရှိမှုများပြီး၊ ကျန်လများမှာ ရေလုံလောက်စွာ သုံးစွဲခွင့် မရရှိပါ။

အနှစ်ချုပ်

မစမ်းပါးကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းမှာ ရေလုပ်ငန်း၊ ဥယျာဉ်နှင့် အရောင်းအဝယ် တို့ဖြစ်ပါသည်။ ရာသီအလိုက် ပွဲတော်များ ရှိပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးဇော်ဝင်း၊

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/သား (၁၄) ဦး။

CamScanner

အဖွဲ့အစည်းရိုတ်ဆက်ပြဇယားပုံ



အဖွဲ့အစည်းရိုတ်ဆက်မှုပြဇယားပုံအပေါ်သုံးသပ်ချက်


နေ့စွဲ - ၂၈.၁၂.၂၀၁၅
စတင်ချိန် - ၁၀း၁၅
ပြီးဆုံးချိန် - ၁၀း၅၅


တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်အုပ်စု၊ မစမ်းပါးကျေးရွာရှိသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးလက်လူငယ်အဖွဲ့၊ အရံသားများ၊ ကျောင်းအကျိုးတော်ဆောင်၊ ကာလသား၊ ကာလသမီးအဖွဲ့၊ မိန်းမကြီးအဖွဲ့၊ အိမ်ထောင်ငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ဓမ္မာစက်ာအဖွဲ့၊ နာရေးကူညီမှု၊ အရံမီးသတ်တပ်ဖွဲ့၊ ဖွံ့ဖြိုးရေးအထောက်အကူပြု အဖွဲ့နှင့် နိုင်ငံရေးပါတီများမှာ အစိုးရဌာနများ၊ အထွေအထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ န.တ.လ၊ ဆင်း/ လျော့၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့၊ လူထုဗဟိုပြုစီ မံကိန်း(ကမ္ဘာ့ဘဏ်) အဖွဲ့တို့ဖြစ်သည်။ မစမ်းပါးကျေးရွာရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးကို စည်းလုံးညီညွတ်စွာ လုပ်ဆောင်ခဲ့ကြသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးသန်းဆွေ
ပါဝင်ဆွေးနွေးသူ - ကျား ၄ ဦး၊ မ ၂ ဦး

CamScanner

ပြဿနာသစ်ပင်များ





ပြဿနာသစ်ပင်များအပေါ်သုံးသပ်ချက်

နေ့စွဲ - ၂၇.၁၂.၂၀၁၅
စတင်ချိန် - ၁၀း၀၀
ပြီးဆုံးချိန် - ၁၂း၁၅

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ မစမ်းပါးကျေးရွာ၏အခက်အခဲများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ရည်မှန်းချက်များကိုသိရှိနိုင်ရန် ပြဿသစ်ပင်ကိုအသုံးပြုဆွေးနွေးခဲ့ပါသည်။ ထိုသို့ ဆွေးနွေးရာတွင် အမျိုးသားသီးသန့် အမျိုးသမီးသီးသန့်အဖွဲ့ခွဲဆွေးနွေးခဲ့ကြပါသည်။ ပြဿနာသစ်ပင်တစ်ပင်တွင် လမ်းပန်း ဆက်သွယ်ရေး ခက်ခဲခြင်းကိုဆွေးနွေးခဲ့ရာ လမ်းမပြီးမြောက်ခြင်း၊ အရင်းအနှီးငွေမရှိခြင်း၊ အလုပ်အကိုင် ရှားပါးခြင်း၊ ကျောက်ပုံကျောက်ဆောင်များသောကြောင့် သွားလာရခက်ခဲခြင်း၊ ဝမ်းစာဖူလုံမှုခက်ခဲခြင်း၊ မီးမရှိခြင်း အတွက်လည်းခက်ခဲခြင်းများထွက်ပေါ်လာ၍ အကျိုးအဆက်များအနေဖြင့် အချိန်ကြာခြင်း၊ အသက်အန္တရာယ်ရှိခြင်း၊ လူမှုရေး၊ ဘာသာရေးနည်းလာခြင်း၊ ညရေးညတာသွားလာရခက်ခဲခြင်း၊ ကျောင်းသူ/သားများသွားလာရခက်ခဲခြင်း၊ စီးပွားရေး အဆင်မပြေခြင်း၊ ကျန်းမာရေး ထိခိုက်လာခြင်း၊ တကိုယ်ရေသန့်ရှင်းမှုမရှိခြင်း၊ ပညာရေးနည်းပါးလာခြင်း၊ စသည့် အဆင်မပြေမှုများနှင့် ကြုံတွေ့ရပါသည်။ နောက်ထပ်ပြဿနာသစ်ပင်တွင် ရေခက်ခဲခြင်းကို အဓိက ထားဆွေးနွေးခဲ့ပါသည်။ အကြောင်းအရင်း ကိုဆက်လက်ဆွေးနွေးခဲ့ရာတွင် အရင်းအနှီးငွေမရှိခြင်း စီးပွားရေး အဆင်မပြေခြင်း၊ နွေရာသီတွင် ရေတွင်းများခမ်းခြောက်ခြင်း၊ ရေကြီးခြင်း၊ တို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များမှာ ကျန်းမာရေးထိခိုက်လာခြင်း၊ ပညာရေးအားနည်းလာခြင်း၊ ရေရရှိရန်အချိန်ပေးရခြင်း၊ သန့်ရှင်း သန့်ရပ်မှု မရှိခြင်း၊ စားဝတ်နေရေးခက်ခဲလာခြင်း၊ ဝင်ငွေရရှိမှုနည်းခြင်း၊ လူနေမှုအဆင့်အတန်းနိမ့်ကျလာခြင်း၊ အမျိုးသမီးများ ရေခပ်ရန်ခက်ခဲခြင်းတို့ဖြစ်ပေါ်လာရပါသည်။ ဆွေးနွေးစဉ်တွင် လမ်းအခက်အခဲဖြစ်ခြင်းနှင့် လမ်းပေါ် ရေရောက်ခြင်း၊ ရေအခက်အခဲဖြစ်ခြင်းကြောင့် ကွန်ကရစ်လမ်း ဆက်လက်လုပ်ဆောင်ရန်နှင့် ရေသွယ်ယူခြင်း လုပ်ငန်းကို အဓိကတောင်းဆိုကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာသူ/သားများ အလိုရှိသောလုပ်ငန်းများမှာ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေပိုက်သွယ်ယူခြင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ချေးငွေလုပ်ငန်း၊ ဆရာ/မ များ ဘော်ဒါဆောင် များကို အဓိကတောင်းဆိုခဲ့ ကြပါသည်။


အနှစ်ချုပ်

ပြဿနာသစ်ပင် (၂) ပင်နှင့် ဆွေးနွေးမှုများကို လေ့လာခြင်းအားဖြင့် ရွာသူ/သားများ ရေကြီးမှုအတွက် စိုးရိမ်နေရခြင်း၊ စားဝတ်နေရေးခက်ခဲသဖြင့် အတိုးနှုန်းသက်သာသော ချေးငွေလုပ်ငန်းများ အပေါ်မူတည်၍ ကိုယ်ပိုင် တစ်ပိုင် တစ်နိုင် လုပ်ငန်းများ လုပ်ဆောင်လိုခြင်း များကိုတွေ့ရှိရပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးသန်းဆွေ (၁)၊ ဒေါ်ခင်မိုးအေး (၂)၊
ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/သား (၁၆) ဦး။

CamScanner

ပင့်ကူအိမ်မြေပုံ



ပင့်ကူအိမ်မြေပုံအပေါ်သုံးသပ်ချက်

နေ့စွဲ - ၂၇.၁၂.၁၆

စတင်ချိန် - ညနေ (၂း၁၀)၊

ပြီးဆုံးချိန် ညနေ (၂း၄၆)။

တနသ်ာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မဒိုင်ကျေးရွာအုပ်စု၊ မစမ်းပါးကျေးရွာ ပထမအကြိမ် အစည်းအဝေး အပြီးတွင် ကျေးရွာဘုန်းကြီးကျောင်းတွင် ပင့်ကူအိမ်မြေပုံကို စတင်အသုံးပြုခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ကျေးရွာအတွင်း အမျိုးသားနှင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍများကို နှိုင်းယှဉ်လေ့လာနိုင်ရန် ဖြစ်ပါသည်။ ထိုသို့လေ့လာနိုင်ရန် အမျိုးသား/ အမျိုးသမီး သီးသန့်ခွဲ၍ အမျိုးသမီးဖက်မှ ဆွေးနွေးရန် အချက်အလက်များကို ဖော်ထုတ်စေရာ အချက် (၆) ချက်ပေါ်ထွက်လာပါသည်။ ထိုအချက်များမှာ ပညာတတ်မြောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ရပ်ရေး/ရွာရေး ပူးပေါင်းပါဝင်မှု၊ အရာရာ ဆုံးဖြတ်နိုင်မှု၊ အိမ်မှုကိစ္စပိုင်နိုင်မှု၊ လုံခြုံမှု တို့ဖြစ်ပါသည်။ ထိုအချက်အလက်များကို

CamScanner

အမျိုးသမီးများကို အခွဲ့ခွဲ၍သီးသန့်ရေးဆွဲနေခဲ့ရာ ပညာတတ် ဖြောက်မှုတွင် အမျိုးသမီးများက အမျိုးသားထက် ပညာသင်ပြောက်မှု နည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းတွင် အမျိုးသားများက ပိုရရှိကြောင်း၊ ရပ်ရေးရွာရေး ပူးပေါင်းပါဝင်မှုတွင် အမျိုးသားများက သာနေကြောင်း၊ အရာရာလုံးဖြတ်နိုင်မှုတွင် အမျိုးသားများက ပို၍သာနေကြောင်း၊ အိမ်မှုကိစ္စပါဝင်မှုတွင် အမျိုး သမီးများက အများလုံးလုပ်ကိုင်နေရကြောင်း၊ လုံခြုံမှုတို့တွင်လည်း အမျိုးသားများသာ ပို၍သာနေကြောင်း စသည်ဖြင့်ဝေ့.ရှိရပါသည်။

အနှစ်ချုပ်


အမျိုးထု၏သဘောဆန္ဒမှာ အမျိုးသားများနှင့် တန်းတူလုပ်ဆောင်ခွင့်၊ အခွင့်အလမ်းများ၊ ပူးပေါင်း ပါဝင်မှု၊ လုံးဖြတ်ချက်ချနိုင်မှု၊ တို့တွင်လည်း ပါဝင်ရလျှင် ပို၍ကောင်းမွန်မည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် ပြောကြားခဲ့ပါသည်။ မစဝ်းပါးကျေးရွာ၏ ပင့်ကူအိမ်မြေပုံကို ခြုံငုံသုံးသပ်ရလျှင် အမျိုးသားများသည် အမျိုးသ မီးများထက် အခွင့်အလမ်း ပိုမိုရရှိကြောင်း အမျိုးသမီးများကို နေရာတိုင်းတွင် တန်းတူအခွင့်အလမ်းများ ဖော် ဆောင်ပေးရန် လိုအပ်ပါကြောင်း စသည်ဖြင့် သုံးသပ်ရပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဒေါ်ဝင်းဝင်းအေး၊ ဦးသန်းဆွေ

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူ/သား (၁၄) ဦး။

CamScanner

ထိခိုက်လွယ်အုပ်စုကို သုံးသပ်ခြင်း ဇယား



ထိခိုက်လွယ်အုပ်စုကို သုံးသပ်ခြင်းဇယား အပေါ်သုံးသပ်ချက်

နေ့စွဲ - ၂၈.၁၂.၂၀၁၆

စတင်ချိန် - နံနက် (၁၀း၁၀)၊

ပြီးဆုံးချိန် - နံနက် (၁၀း၅၅)။

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မအိုင်ကျေးရွာအုပ်စု၊ မစမ်းပါးကျေးရွာ၏ ထိခိုက်လွယ်အုပ်စုကို သုံးသပ်ရတွင် အဆင့်(၃)ကို အခြေခံဆွေးနွေးခဲ့ကြပါသည်။ (၁)ချမ်းသာသောအုပ်စု (၂)ပြေလည်သောအုပ်စု (၃) မပြေလည်သောအုပ်စုဟူ၍ ဆွေးနွေးခဲ့ကြပါသည်။ (၁)ချမ်းသာသောအုပ်စုမှာ (၅%)ရှိပြီး ၄င်းအုပ်စုသည် ဈေးဆိုင်များ၊ ရေလုပ်ငန်းများ၊ ဥယျာဉ်၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ကြပြီး ထိုသူများ၏ပိုင်ဆိုင်မှုများမှာ တိုင်တစ်ပိုင်း အိမ်တစ်ပိုင်း၊ လှေပိုင်၊ စက်ပိုင်၊ ဈေးဆိုင်ကြီး၊ ဥယျာဉ်များလုပ်ကိုင်ကြပြီး သူတို့သည် စီးပွားရေးအဆင်ပြေလာခြင်း၊ ရေလုပ်ငန်းများမှဝင်ငွေ ကောင်းခြင်းကြောင့်ဖြစ်ပါသည်။ (၂) ပြေလည်သောအုပ်စုသည် ၅% ခန့်ရှိပြီး သူတို့သည်


CamScanner

ဈေးဆိုင်ကြီးများပိုင်ဆိုင်ကြပါသည်။ ထိုပြင်ရေလုပ်ငန်းများ၊ ဥယျာဉ်များလုပ်ကိုင်ကြပြီး ပိုင်ဆိုင်မှုများအနေဖြင့် ထရံကာအိမ်များ၊ သစ်အိမ်များ၊ လှေငယ်များ၊ဈေးဆိုင်ငယ်များ၊ အုပ်ချုပ်ဆိုင်များကိုပိုင်ဆိုင်ကြပါသည်။ (၃)မပြေလည်သော အုပ်စုသည် ၈၃% ရှိပြီး လက်လုပ်လက်စား ကြုံရာကျပန်းအလုပ်များလုပ်ကိုင်ကြပါသည်။ ပိုင်ဆိုင်မှုများအနေဖြင့် ထရံကာအိမ်များ၊ လှေငယ်များ၊ ရှိပါသည်။ မပြေလည်သောသူများမှာ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး ရင်းနှီးငွေမရှိခြင်း၊ ကြွေးသံသရာတွင်လည်နေရခြင်း၊ ကျောင်းနေအရွယ်ကလေး သူငယ်ချင်းများ အတွက် စရိတ်ကြီးခြင်းများကြောင့် ထိုအုပ်စုသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်နိုင်မှုအားနည်းခြင်းများ ကြုံတွေ့ရပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဒေါ်အေးအေးဝင်း

ပါဝင်ဆွေးနွေးသူ - အမျိုးသား (၄)ဦး အမျိုးသမီး(၃)ဦး

အသက်မွေးဝမ်းကြောင်းပြမြေပုံ



အသက်မွေးဝမ်းကြောင်းပြဇယားအပေါ်သုံးသပ်ချက်

နေ့စွဲ - ၂၈.၁၂.၁၅

စတင်ချိန် - ၁၂:၀၀နာရီ

ပြီးဆုံးချိန် - ၁၂:၂၀

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ မစမ်းပါးကျေးရွာ၏ အသက်မွေးဝမ်းကြောင်းမှာ ရေလုပ်ငန်း ၄၀%၊ ဥယျာဉ် ၃%၊ မီးသွေးဖောင်း ၂% ၊ ကျပန်း ၅၅ %ရှိသည်။ လူအများစုမှာ ရေလုပ်ငန်းနှင့် ကျပန်းလုပ်ကိုင်သူများပြီး ကျန်အလုပ်များမှာ အနည်းငယ်သာရှိသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးသန်းရွှေ


ပါဝင်ဆွေးနွေးသူ - ကျား ၃ ဦး၊ မ ၅ ဦး


CamScanner


ကော်မတီဝင်များစာရင်း

စဉ်	အမည်	ကျား၊ မ	ရာထူး
၁	ဦးသန်းရွှေ	ကျား	ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ
၂	ဒေါ်ဝင်းဝင်းအေး	မ	ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ
၃	ဦးဝင်းမင်းထွန်း	ကျား	စောင့်ကြည့်၊ ကြီးကြပ်ရေး ဆပ်ကော်မတီ
၄	ဒေါ်ခင်မိုးအေး	မ	စောင့်ကြည့်၊ ကြီးကြပ်ရေး ဆပ်ကော်မတီ
၅	ဦးလှဇော်	ကျား	စောင့်ကြည့်၊ ကြီးကြပ်ရေး ဆပ်ကော်မတီ
၆	ဦးဌေးအောင်	ကျား	ဝယ်ယူရေး ဆပ်ကော်မတီ
၇	ဒေါ်မိုးအိမွန်	မ	ဝယ်ယူရေး ဆပ်ကော်မတီ
၈	ဒေါ်အေးမော်	မ	ဝယ်ယူရေး ဆပ်ကော်မတီ
၉	ဦးအောင်စိုး	ကျား	လည်ပတ်ရေးနှင့် ပြင်/ထိန်း ဆပ်ကော်မတီ
၁၀	ဦးညီညီလွင်	ကျား	လည်ပတ်ရေးနှင့် ပြင်/ထိန်း ဆပ်ကော်မတီ
၁၁	ဒေါ်သီသီအေး	မ	လည်ပတ်ရေးနှင့် ပြင်/ထိန်း ဆပ်ကော်မတီ
၁၂	ဦးစိုးဝေဦး	ကျား	စေတနာ့ဝန်ထမ်း
၁၃	ဒေါ်ဖြူစင်ဦး	မ	စေတနာ့ဝန်ထမ်း
၁၄	ဦးစိုးထိုက်	ကျား	အကြံပြုတိုင်ကြားဖြေရှင်းရေး
၁၅	ဒေါ်တင်မာဝေ	မ	အကြံပြုတိုင်ကြားဖြေရှင်းရေး
၁၆	ဒေါ်သန်းသန်းမာ	မ	ကျေးရွာ စာရင်းကိုင်

CamScanner









စီမံကိန်းစက်ဝန်း အရှိန်ဇယား (ပုံစံ - ၈ - ၂)

၆.၃ [illegible] ရောင်းချခြင်း	1.4.2016	1.3.2016	5	[illegible]	8	9	[illegible]
၆.၄ [illegible] ရောင်းချခြင်း	25.2.2016	25.2.2016	[illegible]	[illegible]	8	[illegible]	[illegible]
၇. [illegible] အစည်းအဝေး	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]
၇.၁ အစည်းအဝေး ပထမအကြိမ်							
၇.၂ အစည်းအဝေး ဒုတိယအကြိမ်							
၇.၃ အစည်းအဝေး တတိယအကြိမ်							
၈. စီမံကိန်းလုပ်ငန်းစဉ် အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး							
၉. လူထုစစ်ဆေးပွဲအစည်းအဝေး							

ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ် (ပုံစံ - စ - ၃)








ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲ ဇရုပ်ရှယ်ခြင်း (ပုံစံ - ၈ -၄)


အစည်းအဝေး တက်ရောက်သူများစာရင်း (ပုံစံ - စ - ၁၂)

ပထမအကြိမ် အစည်းအဝေး














ဒုတိယအကြိမ် အစည်းအဝေး တက်ရောက်သူများစာရင်း



























ကလ်ာအလိုက် ဖွံ့ဖြိုးရေး ဦးစားပေး လုပ်ငန်းစဉ်များ



မစမ်းပါးကျေးရွာ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းစဉ်များ

ကဏ္ဍ	စဉ်	လုပ်ငန်းအမျိုးအစား	အဆိုပြုသူ (အမှန်ခြစ်ရန်)			ခုနှစ်	ထောက်ပံ့မည့် အဖွဲ့အစည်း (သို့)ဌာန	မှတ်ချက်
			ကျား	မ	ကျား+မ			
ခုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး								
အခြေခံ အဆောက် အဦ	၁	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း			√	၂၀၂၃-၂၀၂၄	VDP+MSY	
	၂	ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း						
	၅	ရေဆိပ်ဆင်းတံတား(၂)စင်းတည်ဆောက်ခြင်း						
	၆	နာရေးဆောင်တည်ဆောက်ခြင်း						
	၇	ရွာလယ်တံတားတည်ဆောက်ခြင်း						
	၉	သုသာန်ဆင်းလမ်းကွန်ကရစ်ခင်းခြင်း						
လျှပ်စစ်	၂	အသေးစားခါတ်အားပေးစနစ်လုပ်ငန်း						
စိုက်ပျိုးရေး								
မွေးမြူရေးနှင့် ငါးလုပ်ငန်း/ မွေးမြူရေး ဆေးပညာ								
ငွေကြေး								
ပညာရေး	၆	ဆရာ/ဆရာမနေအိမ်တည်ဆောက်ခြင်း						
ကျန်းမာရေး	၄	ကျန်းမာရေးဆရာမတစ်ဦးခန့်အပ်လိုခြင်း						
လူငယ်နှင့် အားကစား								
အသက်မွေးဝမ်း ကျောင်းသင်တန်း များ								
ထုတ်ကုန်လုပ်ငန်း နှင့်အသေးစား၊ အလတ်စားစီးပွား ရေးလုပ်ငန်းများ ဆိုင်ရာ								